# ဝင်္ဘောကျေးရွာ

# ညောင်လေးပင်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝင်္ဘောကျေးရွာ၊ညောင်လေးပင်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ဖေဖော်ဝါရီလ

## မာတိကာ


**၁။ စကားချီး**

**၂။ တပ်စုကျေးရွာသယံဇာတပြမြေပုံ၊ ညောင်လေးပင်မြို့နယ်**

**၃။ နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

**၄။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**၅။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား/မဆိုင်ရာ ဆက်နွှယ်မှု

**၆။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**၈။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ**

**၉။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ**

**၁၀။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ**

(က) ဦးစားပေး စီမံချက်များ

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အထောက်အကူပြု ဇယားများ

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခန္နှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍာအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း

ဇယား ၂၆ ရွှေ့ပြောင်းသွားလာသူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း
ကိုးကားစာရင်း

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ခုဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဝင်းဘော်ကျေးရွာ၏ ပထမဦးဆုံး ကျေးရွာသူကျေးရွာသား အားလုံး ပါဝင်ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာ ပံ့ပိုးပေးသောစိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့သော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထု ကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေး ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူနိုင်ခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်းအခက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုလည်း မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ရပါသည်။

ယခုရေးဆွဲသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များထပ်ဖြည့်ခြင်းဖြင့် ပိုမို ကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင် ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများ နှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက်

၂။ ဝင်္ဂဘော်ကျေးရွာ သယံဇာတပြမြေပုံ၊ ညောင်လေးပင်မြို့နယ်



## ၂။ ဝဂ်ဘော်ကျေးရွာ သယံဇာတပြမြေပုံ၊ ညောင်လေးပင်မြို့နယ်



## ဝင်ဘော်ကျေးရွာ၏ ရာသီခွင်ပြဇယား

| အချက်အလက်များ | ဇန်နဝါရီလ | ဖေဖော်ဝါရီလ | မတ်လ | ဧပြီလ | မေလ | ဇွန်လ | ဇူလိုင်လ | ဩဂုတ်လ | စက်တင်ဘာလ | အောက်တိုဘာ | နိုဝင်ဘာလ | ဒီဇင်ဘာလ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | အလွန်အေး | အလွန်အေး | အပူပြင်း | ပြင်း | ပြင့် | မိုးနည်း | မိုးလတ် | မိုးကြီး | မိုးကြီး | မိုးကြီး | အပူမိုးရွာ | အေးဝင် | |
| အလုပ်အကိုင် | ပဲချွတ် | ပဲနယ် | ပဲကျဲ | ပဲကျဲ | မြေဆီချ | လယ်ထွန်း | မျိုးကျဲ | ကောက်စိုက် | ကောက်စိုက် | မြေဆီကျဲ | ကျွန်းတာ | ပေါ်ရိတ် | |
| ကျန်းမာရေး | နှာစေး | ချောင်းဆိုး | — | — | — | ဖျားနာ | ချောင်းဆိုး | — | — | — | အာသြဆို | အာသြဆို | |
| ပွဲတော် | သင်္ကြန်ပွဲ | — | — | — | စပြန်ပွဲ | ရေပြိုင်ပွဲ | ဆီးထွန်းပွဲ | ထမင်းဒွဲပွဲ | — | — | — | — | |
| ဝင်ငွေရရှိမှု | အသင့် | နည်း | နည်း | မရှိ | သင့် | မရှိ | — | — | — | ဝင်ငွေမရှိ | နည်း | အသင့် | |
| ဝမ်းစာဖူလုံမှု | အသင့် | နည်း | သင့် | နည်း | နည်း | — | — | မရှိ | မရှိ | သင့် | နည်း | နည်း | |
| သောက်သုံးရေရရှိမှု | နည်း | အသင့် | လတ် | လတ် | လတ် | လတ် | လတ် | လတ် | လတ် | လတ် | လတ် | လတ် | |
| ပိုးမွှားကျရောက်မှု | မရှိ | မရှိ | မရှိ | နည်း | ရှိ | ရှိ | နိမ့် | နိမ့် | မြင့် | မြင့် | လတ် | မြင့် | |
| ငွေကြေးလိုအပ်မှု | ရှိ | မရှိ | လတ် | လတ် | လို | လို | လို | နည်း | နည်း | နိမ့် | လတ် | အသင့် | |
| အသုံးစရိတ် | လို | လို | လို | လို | လို | လို | လို | လို | လို | လို | လို | လို | |

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံ အတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ် ဖြစ်ကြောင်းသိရှိရပါ သည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။

ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်း ဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအ ချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေ သောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင် ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေး လုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများ ကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်း လင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု ၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး

ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီး များ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါ သည်။

## ၂။ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ညောင်လေးပင်မြို့နယ်အတွင်းရှိ ပြွန်တန်ဆာမြို့၊ မြို့မှ(၃)ရပ်ကွက်မှ ဆက်သွယ်သွားလာရ၍ လမ်းပန်းဆက်သွယ်ရေးလွယ်ကူပါသည်။ မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖြစ်ပါသည်။ ပျမ်းမျှမိုးရေချိန်မှာ ၁၀ လက်မမှ ၁၀ လက်မအထိဖြစ်ပြီး၊ ဆန်စပါးစိုက်ပျိုးရေးကို အထောက်အကူပြုပါသည်။ ကျေးရွာသည် ကုန်းတွင်းပိုင်းဒေသတွင်တည်ရှိပြီး ပင်လယ်ရေဝင်ရောက်မှုမရှိသောဒေသဖြစ်ပါသည်။ ကျေးရွာအနီးတွင်ရဲနွယ်ချောင်းရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူပြုပါသည်။ကျေးရွာ အနီးတွင်တောင်ကုန်း၊တောင်တန်းများမရှိဘဲ မြေပြန့်ဒေသများသာ ဖြစ်ပါသည်။ ရေးကြီးခြင်း၊ ချောင်းရေလျှံခြင်းကဲ့သို့ သော သဘာဝဘေးအန္တရာယ်များ ကျရောက်ဖူးခြင်းမရှိသောဒေသဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေများစွာရှိပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်သော ဒေသ ဖြစ်ပါသည်။ကျေးရွာမှ ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ မထွက်ရှိပါ။ မြေအောက်ရေသုံးစွဲ၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မှုနည်းပါးပါသည်။ ချောင်း၊မြောင်းများမှရေများကို ရေသွယ်မြောင်းများ အသုံးပြု၍ နွေစပါး ရေသွင်းစိုက်ပျိုးမှုများ ပြုလုပ်ကြပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူမှုရေးဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၃၃၀)စုရှိပြီး၊ လူဦးရေမှာကျား(၇၄၆)ဦး၊ မ(၇၄၂)ဦး၊ စုစုပေါင်း(၁၄၈၈)ဦးရှိ၍ တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ (၄.၅)ဦးနှုန်းရှိပါသည်။ ကျေးရွာလူဦးရေမှာ နိုင်ငံတော်၏တစ်အိမ်ထောင် ပျမ်းမျှနှုန်း၅ဦးထက် ၀.၅ဦးလျော့နည်းပါသည်။ကျေးရွာတွင်နေထိုင်သူများမှာ ဗမာလူမျိုးများဖြစ်ပြီး၊ အလုပ်လုပ်နိုင်သောအရွယ်မှာ ကျေးရွာလူဦးရေပေါင်း၏ ၇၀.၄%ကျော်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ် ဖြစ်သော်လည်း ကျေးရွာမှအလုပ်လုပ်နိုင်သူများအနက် ၁၁%ခန့်မှာ ကျေးရွာတွင်အခြေကျနေထိုင်မှုမရှိဘဲ နိုင်ငံရပ်ခြားနှင့် အခြားဒေသများသို့သွားရောက် အလုပ်လုပ်ကိုင်နေကြပါသည်။အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၂.၃% ခန့် ပိုများပါသည်။

### (ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်၍ တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ ရာသီဥတု၊သီးနှံဖျက်ပိုးမွှားကျရောက်မှုအခြေအနေတို့ပေါ်တွင်မူတည်၍ ပြောင်းလဲမှုရှိပါသည်။ ဝင်ငွေအခြေအနေမှာ သာမန်မျှသာရှိပါသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် ကျေးရွာရှိအိမ်ထောင်စုအားလုံး၏ ၈၆%ခန့်မှာ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုတွင်ပါဝင်ပြီး၊၄% ခန့်မှာ ချမ်းသာသောအဆင့်နှင့် ၁၀%မှာ အဆင်ပြေသော အဆင့်တွင်ရှိသည်ဟု သတ်မှတ်ပါသည်။ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှုနှင့် အလုပ်လုပ်ကိုင်နိုင်သောလူဦးရေ၊ မွေးမြူသောတိရစ္ဆာန်အရေအတွက်၊ စိုက်ပျိုးသီးနှံများ၊ စက်ကိရိယာပိုင်ဆိုင်မှုများကို ကြည့်ခြင်းအားဖြင့် ကျေးရွာ၏စီးပွားရေးအခြေအနေမှာ အသင့်အတင့်ကောင်းမွန်သော အခြေအနေတွင်ရှိပါသည်။ ကျေးရွာရှိ ချမ်းသာသောအိမ်ထောင်စုများမှာ ကိုယ်ပိုင်လယ်ယာ မြေရှိသောအိမ်ထောင်စုများမှာ စပါး၊ပဲစသည့်သီးနှံများ စိုက်ပျိုးနိုင်ကြသည့်အပြင် အခြားဝင်ငွေရလုပ်ငန်းများပါ လုပ်ကိုင်ကြပါသည်။

အလည်အလတ်ရှိသောအိမ်ထောင်စုများမှ လယ်ယာမြေပိုင်ဆိုင်မှုရှိပြီး စပါး၊ပဲသီးနှံများစိုက်ပျိုးကြပါသည်။ ဝက်၊ကြက်၊ဘဲ၊နွားစသည့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများလုပ်ကိုလုပ်ကိုင်ကြပါသည်။ အချို့မိသားစုများမှာ နိုင်ငံရပ်ခြားနှင့် အခြားပြည်ပနိုင်ငံများသို့ပါသွားရောက်၍ အလုပ်လုပ်ကိုင်နေကြသူများဖြစ်ကြပါသည်။ အချို့ မိသားစုများမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိသော်လည်း ကုန်ပစ္စည်းအရောင်းအဝယ် ပြုလုပ်သူများဖြစ်ကြပါသည်။ မပြေလည် သောမိသားစုများမှာ လယ်မြေပိုင်ဆိုင်မှုနည်းသူများ၊ လယ်ယာမဲ့များဖြစ်ကြပါသည်။ အချို့ မိသားစုများမှာအခြားဒေသများသို့ သွားရောက်အလုပ်လုပ်ကိုင်နေသူများကို မှီခိုနေကြသောမိသားစုများ၊ လယ်ယာ လုပ်ငန်းများတွင် အလုပ်သမားအဖြစ်လုပ်ကိုင်နေသူများဖြစ်ကြပါသည်။ အလွန်မပြေလည်သောမိသားစုများမှာ မြေယာပိုင်ဆိုင်မှုမရှိဘဲ လက်လုပ်လက်စားများဖြစ်ကြပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုများ၏ ၃၀%ဖြစ်သောအိမ်ထောင်စု(၈၅)စုကိုလေ့လာ ဆန်းစစ်မှုအရ ယင်းတို့၏

## (ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင်နေထိုင်သူများမှာ သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြပါသည်။ သွေးလွန်တုပ်ကွေးရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါ၊ အသည်းရောင်ရောဂါ(ဘီ၊စီ) တို့မှာဖြစ်ပွားမှုနှုန်းမြင့်မားပါသည်။ ဆီးချိုရောဂါ၊သွေးတိုးရောဂါများမှ ကျေးရွာလူထု၏ ကျန်းမာရေးဗဟုသုတ နည်းခြင်းကြောင့် သက်ကြီးရွယ်အိုအများစုတွင် ဖြစ်ပွားတတ်ပါသည်။ ကျေးရွာသူ/သားများအနေဖြင့် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာရှိကျေးလက်ကျန်းမာရေးဌာနတွင် ပြုလုပ်နိုင်ကြပြီး၊ ကျေးရွာမှ ၃မိုင်ကျော် ဝေးသော ပွင့်တန်ဆာမြို့တွင် တိုက်နယ်ဆေးရုံရှိ၍ ကားလမ်းဖြင့်အလွယ်တကူသွားလာနိုင်ပါသည်။ ထို့ပြင် ညောင်လေးပင်မြို့ပေါ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့လည်း လွယ်ကူစွာဆက်သွယ်သွားလာ၍ ကျန်းမာရေး စောင့်ရှောက်မှု ခံယူနိုင်ပါသည်။

ကာကွယ်ဆေးထိုးနှံပေးမှုအနေဖြင့် ပိုလိုယိုရောဂါ၊ မေးခိုင်ရောဂါနှင့် ဝက်သက်ရောဂါကာကွယ်ဆေးများကို ကျေးလက်ကျန်းမာရေးဌာနတွင် ထိုးနှံနိုင်သဖြင့် ကျေးရွာရှိ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် အဆိုပါရောဂါဖြစ်ပွားမှုများကို လျှော့ချနိုင်ပါသည်။ သောက်သုံးရေသုံးစွဲမှုအဖြစ် တွင်းရေနှင့် လက်နှိပ်တုံကင်များကို အသုံးပြုနေကြပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အလယ်အလတ်တွင်ရှိပါသည်။ ကျေးရွာတွင် စာမတတ်သူဦးရေ မှာ ကျေးရွာလူဦးရေစုစုပေါင်း၏ ၁%သာရှိပါသည်။ စာမတတ်သူများမှာ သက်ကြီးရွယ်အိုများဖြစ်ကြပါသည်။ရွာသူ/ သားများမှာ အနည်းဆုံးရေးတတ်၊ဖတ်တတ်အဆင့်တွင်ရှိပါသည်။ ဘွဲ့ရပညာတတ်များလည်း သင့်တင့်သောဦးရေ ရှိပါသည်။ မူလတန်းနှင့် အလယ်တန်းအဆင့် ပညာရေးကို ကျေးရွာရှိ မူလတန်းလွန်ကျောင်းတွင်ပညာသင်ကြားနိုင် ကြပါသည်။ အထက်တန်းပညာရေးကို ပြွန်တန်ဆာမြို့ရှိ အထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင် ကြပါသည်။ အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်မှု အားနည်းကြ၍ အလုပ်အကိုင်အခွင့်အလမ်းနည်းပါး ကြပါသည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုမှာ လွတ်လပ်သောအနေအထားတွင်ရှိပါသည်။ ကျေးရွာရှိရပ်ရွာ အကျိုးပြုလုပ်ငန်းများတွင် ကျားမတန်းတူဆောင်ရွက်မှုများရှိပါသည်။ ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုများ နှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ပညာရေးဆိုင်ရာအခွင့်အလမ်းများတွင် ကျားမတန်းတူရရှိပါသည်။ပညာတတ်မြောက်မှုတွင် အလယ်တန်း နှင့် အထက်တန်းအဆင့်တွင် အမျိုးသားဦးရေပိုများနေသော်လည်း မူလတန်းနှင့် တက္ကသိုလ်/ကောလိပ်အဆင့်တွင် အမျိုးသမီးဦးရေကပိုများသဖြင့် ကျေးရွာရွာတွင် ပညာသင်ယူမှုဆိုင်ရာအခွင့်အလမ်းမှာ ကျားမတန်းတူရှိသည်ဟု ဆိုနိုင်ပါသည်။

လုပ်အားခရရှိမှုအနေဖြင့် လယ်ယာလုပ်ငန်းတွင် အမျိုးသား၊အမျိုးသမီးတန်းတူရရှိသော်လည်း၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အမျိုးသမီးများမှာ လုပ်အားခလျော့နည်းပါသည်။

အုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးများပါဝင်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့် အခြားလူမှုရေးလုပ်ငန်း များတွင် အမျိုးသမီးများပါဝင်လုပ်ကိုင်ကြပါသည်။ အုပ်ချုပ်ရေးဆိုင်ရာကိစ္စများတွင် ကျားမတန်းတူပါဝင်နိုင်ရေး အတွက်အသိပညာပေးစည်းရုံးခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးမှုနှင့် အခြားဖွံ့ဖြိုးရေးကစ္စများတွင် ကောင်းမွန်သော အထောက်အပံ့များဖြစ်လာနိုင်မည် ဖြစ်ပါသည်။

# ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၁)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့(၁)ဖွဲ့ရှိပါသည်။ ရပ်မိရပ်ဖအဖွဲ့မှာ ကျေးရွာ၏သာရေးနာရေးကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ အမျိုးသမီးဝတ်ရွတ်အဖွဲ့မှာ ဘာသာရေးကိစ္စများသာမက ကျေးရွာ၏ အခြားလူမှုရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ လူငယ်အဖွဲ့ ဟူ၍ သီးခြားသတ်မှတ်ဖွဲ့စည်းထားခြင်းမျိုးမရှိသော်လည်း ကျေးရွာ၏အရေးကိစ္စဟူသမျှတွင် တတ်အားသရွေ့ပါဝင် ဆောင်ရွက်ကြပါသည်။ ပြင်ပအဖွဲ့အစည်းများမှလာရောက်ဖွဲ့စည်းပေးထားသော အဖွဲ့အစည်းများမရှိပါ။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ စနစ်တကျဖွဲ့စည်းထားသောအဖွဲ့အစည်းများမဟုတ်သောကြောင့် စွမ်းဆောင်ရည်အားနည်းမှု

ရှိပါသည်။ အဖွဲ့အစည်းများစနစ်တကျဆောင်ရွက်နိုင်ရေးအတွက် နည်းပညာပံ့ပိုးမှုများပေးနိုင်ပါပိုမိုအောင်မြင်သော အဖွဲ့အစည်းများ ဖြစ်လာနိုင်ပါသည်။

## (ခ) သီးနှံ၊သားငါးထုတ်လုပ်မှုကဏ္ဍ

ကျေးရွာတွင်ယခင်က စပါးနှင့်မတ်ပဲကို အဓိကစိုက်ပျိုးခဲ့ရာ ယခုအခါတွင် ဈေးကွက်လိုအပ်ချက်အရ မတ်ပဲစိုက်ပျိုးမှုကျဆင်းပြီး၊ မိုးစပါး၊နွေစပါးနှင့် ပဲတီစိမ်းတို့ကို အဓိကစိုက်ပျိုးကြပါသည်။ လယ်ယာစိုက်ပျိုးမြေ ဧက(၁၁၉၂)ဧကရှိပြီး၊ မိုးရာသီတွင်မိုးစပါးစိုက်ပျိုးပြီး၊မိုးစပါးရိတ်သိမ်းပြီးချိန်တွင် ထိုလယ်မြေများ၌ နွေစပါးနှင့် ပဲတီစိမ်း၊မတ်ပဲတို့ကိုစိုက်ပျိုးကြပါသည်။ လယ်မြေများ၏ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။စပါး အထွက်နှုန်းမှာအများဆုံးတင်း(၈၀)နှင့်အနည်းဆုံးတင်း(၅၀)ရှိ ပြီး၊ ပဲအထွက်နှုန်းမှာ အများဆုံးတင်း(၃၀)နှင့် အနည်းဆုံး(၁၀)တင်းရှိပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် လယ်ယာထွန်ယက်မှုအတွက် တစ်ဦးချင်းပိုင်ဆိုင်သော လက်တွန်းထွန်စက်များကို အသုံးပြုကြသည့်အပြင် အခြားဒေသများမှ လယ်ထွန်စက်များကို ငှားရမ်းအသုံးပြုကြရ ပါသည်။ လုပ်သားရှားပါးမှုအခက်အခဲကြောင့် စပါးစိုက်ပျိုးရာတွင် ကြဲပက်စနစ်ကိုသာ အသုံးပြုနေကြပါသည်။ ရာသီဥတုဖောက်ပြန်ခြင်း၊ ပိုးမွှားများကျရောက်ခြင်းနှင့် သီးနှံမျိုးစေ့များအရည်အသွေးညံ့ဖျင်းမှုများကြောင့် သီးနှံအထွက်နှုန်းလျော့ကျမှုများ တောင်သူလယ်သမားများ နှစ်စဉ်ကြုံတွေ့နေကြရပါသည်။

နည်းပညာဆိုင်ရာပံ့ပိုးမှုများမှာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါက ရရှိနိုင်သော်လည်း ကျေးရွာမှ ချိတ်ဆက်ဆောင်ရွက်နိုင်မှုမရှိသေးသဖြင့် လက်ရှိအချိန်တွင် နည်းပညာများအလွယ်တကူမရနိုင်ဘဲရှိနေ ပါသည်။ မျိုးကောင်းမျိုးသန့်များ၊မှန်ကန်သောနည်းစနစ်များ ရရှိပါက ကျေးရွာရှိတောင်သူလယ်သမားများ သီးနှံအထွက်တိုး၍ ဝင်ငွေတိုးတက်လာနိုင်ပါသည်။ကျေးရွာမှထွက်ရှိသော သီးနှံများကို မြို့ပေါ်ရှိဈေးကွက်သို့ သွားရောက်ရောင်းချရပြီး အချိန်မီမရောင်းချနိုင်ပါက ဈေးနှိမ်ခံရခြင်းများဖြစ်ပေါ်လေ့ရှိပါသည်။

ကျေးရွာရှိအိမ်ထောင်စုအားလုံးနီးပါးမှာ စီးပွားဖြစ်မဟုတ်သော်လည်း တစ်ပိုင်တစ်နိုင်ဝက်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။အိမ်တိုင်းနီးပါးကြက်မွေးမြူရေးကို မိသားစုစားသုံးရန်အတွက် မွေးမြူကြပါသည်။ ဝက်မွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်ကြသောအိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ဒေသမှဝက်မျိုးမဟုတ်ဘဲ အထွက်တိုးဝက်မျိုးများကို စနစ်တကျမွေးမြူနေမှုများရှိသော်လည်း ဈေးကွက်အရောက်ရောင်းချရာတွင် ကုန်သွယ်ခွင်လိုင်စင်မရှိသည့်အတွက် အခက်အခဲများတွေ့ကြုံနေရပါသည်။ လယ်ယာမြေပိုင်ဆိုင်မှုမရှိသော ဆင်းရဲသားလူတန်းစားများအနေဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန် ငွေအရင်းအနှီးမရှိသော ပြဿနာများနှင့် ရင်ဆိုင်နေကြရပါသည်။

## (ဂ) စိုက်ပျိုးရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

လယ်ယာထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်ပစ္စည်း ထုတ်လုပ်မှုမရှိသောဒေသဖြစ်ပါသည်။ ကျေးရွာရှိလယ်ယာမြေပိုင်ဆိုင်မှုမရှိသော ကျေးရွာသူ/သားများမှာ လယ်ယာလုပ်ငန်းများတွင် အငှားလုပ်သားများ အဖြစ်လုပ်ကိုင်နေကြပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်သူအနည်းငယ်ရှိပါသည်။ ကျေးရွာရှိ အလုပ်လုပ်ကိုင်နိုင်သူများမှာ ပြည်ပနိုင်ငံများနှင့် အခြားသောမြို့ကြီးများတွင် အလုပ်သမားအဖြစ်လုပ်ကိုင်နေကြ သဖြင့် နေရပ်စွန့်ခွာသူဦးရေမြင့်မားပါသည်။ အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူများမှာ လက်လုပ်လက်စားများ၊ ဈေးသည်များ၊ သယ်ယူပို့ဆောင်ရေးလုပ်သားများဖြစ်ကြပါသည်။ အစိုးရဝန်ထမ်းဦးရေ အနည်းငယ်သာရှိပါသည်။

ကျေးရွာတွင် အလုပ်လက်မဲ့ဖြစ်နေသောလူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်မှုမရှိဘဲ ရရာအလုပ်ကိုသာလုပ်ကိုင်နေရသဖြင့် ပုံမှန်ဝင်ငွေမရှိဖြစ်ကြရပါသည်။ လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာများသင်ယူလိုကြသော်လည်း သင်တန်းဖွင့်လှစ်ပေးနေသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းသဖြင့် သင်တန်းတက်ရောက်နိုင်ခြင်းမရှိဖြစ်နေကြပါသည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ် သင်တန်းများကို တတ်ရောက်ရန်လည်းစိတ်အားထက်သန်ကြပါသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရာ၌ ပိုးမွှားအန္တရာယ်ကင်းဝေး၍ အထွက်နှုန်းတိုးစေရန် မြေသြဇာနှင့် ပိုးသတ်ဆေးများသုံးစွဲမှု များပြားလာသောကြောင့် လယ်ယာမြေများ၏အရည်အသွေးကျဆင်း လာပါသည်။ဓာတုပိုးသတ်ဆေးများ၊ဓာတ်မြေသြဇာများစနစ်တကျသုံးစွဲနိုင်ရေးအတွက် အသိပညာပေးရန်လိုအပ်နေ ပါသည်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရန် ကျေးရွာသူ/သားတိုင်း မိမိတို့၏စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ရန်အတွက် အသိပညာပေးမှုများဆောင်ရွက်ပေးခြင်းဖြင့် ကောင်းမွန်သောသဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း နိုင်မည်ဖြစ်ပါသည်။

ကျေးရွာတွင် နှစ်စဉ်နှစ်တိုင်း သဘာဝဘေးအန္တရာယ်ထူးခြားစွာခံရမှုမရှိပါ။ လေပြင်းတိုက်ခတ်ခြင်းသာ တစ်ခါတစ်ရံဖြစ်ပွားတတ်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာရှိတောင်သူလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကာလတိချေးငွေများကို သတ်မှတ်ထားသောအတိုးနှုန်းနှင့် ချေးယူနိုင်ကြပါသည်။ လယ်ယာပိုင်ဆိုင်သော တောင်သူများသာအကျိုးခံစားခွင့် ရကြပါသည်။ သမဝါယမချေးငွေအဖွဲ့များဖွဲ့စည်း၍ အဖွဲ့လိုက်ငွေချေးယူသူများလည်းရှိပါသည်။ အစိုးရအဖွဲ့အစည်း မဟုတ်သော ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုပေးသောအဖွဲ့များမှာ ငွေချေးယူသူအများစုမှာ လယ်ယာမြေ ပိုင်ဆိုင်မှုမရှိဘဲ လက်လုပ်လက်စားနှင့် အရောင်းအဝယ်ပြုလုပ်သူများဖြစ်ကြပါသည်။ ချေးငွေလုပ်ငန်းများမှာ ကာလတိုချေးငွေများဖြစ်ကြ၍ လယ်ယာမြေများ၊အိမ် ခြံမြေများကို အပေါင်ပစ္စည်းအဖြစ်အသုံးပြုကြပါသည်။ အတိုး နှုန်းမှာ ၂%အောက်ရှိပါသည်။

ချေးငွေချေးယူရသည့်အကြောင်းအရင်းများမှာ မိသားစုစီးပွားရေးရင်းနှီးမြှုပ်နှံခြင်း၊ ကျန်းမာရေးပြဿနာ ဖြေရှင်းခြင်းနှင့် အခြားလူမှုရေးကိစ္စများကြောင့်ဖြစ်ပါသည်။

## (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အလယ်တန်းကျောင်း(၁)ကျောင်းရှိပြီး၊ကျောင်း၏အကျယ်အဝန်းမှာ စတုရန်းပေ ၆၃၀၀ ရှိသော တစ်ထပ်တိုက်ကျောင်းဆောင်ဖြစ်ပါသည်။ ကျောင်းအဆောက်အဦမှာကောင်းမွန်ပါသည်။ ယခင်ကမူလတန်း (လွန်)ကျောင်းဖြစ်၍ ကျောင်းသုံးပရိဘောဂများလုံလောက်သော်လည်း ယခုအခါ အလယ်တန်းကျောင်းခွဲသို့ အဆင့်တိုးမြှင့်လိုက်သောကြောင့် ကျောင်းဆောင်လုံလောက်သော်လည်း ကျောင်းသုံးပရိဘောဂမှာ လုံလောက်မှုမရှိ ဖြစ်နေပါသည်။ ကျောင်းတွင်ဆရာ၊ဆရာမအရေအတွက်စုစုပေါင်း (၉)ဦးရှိ၍ ဆရာအင်အားလုံလောက်မှုရှိသည်ဟု ဆိုနိုင်ပါသည်။ မူလတန်းပညာရေးမှာ အခမဲ့ပညာရေးဖြစ်သောကြောင့် ကျောင်းနေအရွယ်ကလေးတိုင်းလိုလို မူလတန်းပညာတတ်မြောက်ကြပါသည်။ အလယ်တန်းပညာရေးကို ကျေးရွာတွင်ပင်သင်ကြားနိုင်ကြသဖြင့် ယခင်နှစ်များထက် အလယ်တန်းပညာတတ်မြောက်မှု ပိုမိုများပြားလာပါသည်။ ကျောင်းတွင်ယင်လုံအိမ်သာသုံးစွဲပြီး

သောက်သုံးရေအဖြစ် လက်နှိပ်တုံကင်နှင့် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသော တွင်းနက်တစ်တွင်းကိုသုံးပြုနေပါသည်။

ကျေးရွာ၏ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျေးလက်ကျန်းမာရေးဌာနတစ်ခုရှိပြီး၊ ကျန်းမာရေးမှူးဝန်ထမ်းတစ်ဦးရှိပါသည်။ ကျန်းမာရေးမှူးမှာ အမျိုးသားဖြစ်၍ ကျေးရွာရှိအမျိုးသမီးရောဂါခံစားရသူများမှာ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် အခက်အခဲရှိနေပါသည်။ သားဖွားဆရာမ မရှိသဖြင့် ကျေးရွာရှိကိုယ်ဝန်ဆောင်မိခင်များမှာ ကလေးမီးဖွားရာတွင် အဆင်မပြေမှုများဖြစ်ပေါ်နေပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် လက်တူးတွင်းကျယ်များ၊ လက်နှိပ်တုံကင်များနှင့် လျှပ်စစ်မော်တာကိုအသုံးပြု၍ အဝီစိတွင်းများမှ ရေစုပ်ယူသုံးစွဲမှုများရှိသဖြင့် သောက်သုံးရေလုံလောက်သည်ဟု ဆိုနိုင်ပါသည်။ ယင်လုံအိမ်သာများဆောက်လုပ်သုံးစွဲကြရာ အိမ်သာကျင်းများမှာ အုတ်၊အင်္ဂတေဖြင့်တည်ဆောက်သုံးစွဲနည်းပြီး၊ ဝါးဖြင့်ရက်လုပ်သုံးစွဲမှုပိုမိုများပြားပါသည်။ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲမှုကြောင့် ဝမ်းလျှောဝမ်းပျက်ရောဂါကဲ့သို့သောကူးစက်ရောဂါများ ဖြစ်ပွားမှုနှုန်းနည်းပါးပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူရန်နေရာများ သီးသန့်ထားရှိမှုမရှိပါ။ လူငယ်များအနေဖြင့် ကျေးရွာ၏ လူမှုရေးကိစ္စများနှင့် သာရေးနာရေးကိစ္စများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ အားကစားပြုလုပ်ရန်နေရာရှိသော်လည်း အားကစားပစ္စည်းများမဝယ်ယူနိုင်သဖြင့် အားကစားခန်းမအဖြစ် သီးခြားဆောင်ရွက်ထားမှုမရှိပါ။ လူငယ်အဖွဲ့ဟူ၍ သီးခြားဖွဲ့စည်းထားမှုမရှိပါ။လူငယ်များအသိပညာဗဟုသုတရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်စေရေးအတွက် ပညာပေးအစီအစဉ်များပြုလုပ်ခြင်းဖြင့် လူငယ်များအလုပ်အကိုင်အခွင့်အလမ်းများရရှိလာနိုင်ပါသည်။

## (ဇ) အခြေခံအဆောက်အဦ-လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်းရှိလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး ကျေးရွာ၏ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့်ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ကျေးရွာရှိလမ်းများမှာ မြေသားလမ်းများဖြစ်ကြ၍ ပွင့်လင်းရာသီများတွင်သာ လွယ်ကူစွာသွားလာနိုင်ပြီး မိုးတွင်းကာလတွင် လမ်းပျက်စီးမှုကြောင့် သွားလာရခက်ခဲပါသည်။ ရေလမ်းခရီးအသုံးပြုခြင်း မရှိပါ။

ကျေးရွာလျှပ်စစ်မီးလင်းရေးကို ၂၀၁၅-၂၀၁၆ခုဘဏ္ဍာရေးနှစ်တွင် ပြည်သူ့ထည့်ဝင်ငွေအပြင် ကျေးလက်ဦးစီးဌာန၏ပံ့ပိုးငွေဖြင့်ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာရှိအိမ်ထောင်စုများ၏၁၀%မှာ လျှပ်စစ်မီးတပ်ဆင်သုံးစွဲနေကြပြီဖြစ်ပါသည်။ ကျေးရွာရှိအိမ်ထောင်စုတိုင်းနီးပါးမှာ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို လက်လှမ်းမှီကြပါသည်။ကျေးရွာတွင် လက်ကိုင်ဖုန်းသုံးစွဲသောလူငယ်များမှာ လူမှုကွန်ယက်ကို ဖျော်ဖြေမှုကဏ္ဍအတွက်သာအများဆုံးအသုံးပြုကြပါသည်။ စာပေလေ့လာမှုအတွက် စာကြည့်တိုက်များဖွင့်လှစ်နိုင်မှုမရှိသေးပါ။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းမှာ မရှိသလောက် နည်းပါသည်။ သာမန်အားဖြင့် ခိုးမှုကဲ့သို့သော အမှုမျိုးသာ တစ်ခါတစ်ရံဖြစ်ပွားတတ်ပါသည်။ ကျေးရွာတည်ငြိမ်အေးချမ်းရေးကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများမှ တာဝန်ယူဆောင်ရွက်ပေးသဖြင့် ကျေးရွာတွင်းတည်ငြိမ်အေးချမ်းမှုရှိပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်၍ ကျေးရွာရှိအိမ်ထောင်စုများမှာ ဖယောင်းတိုင်၊ ရေနံဆီများကိုသုံးစွဲရခြင်းမှသက်သာခဲ့ပါသည်။ ချက်ပြုတ်ရာတွင်လည်း လျှပ်စစ်မီးဖိုများကို အသုံးပြုခြင်းကြောင့် ထင်းခုတ်မှုလျော့နည်းလာသဖြင့် သစ်တောပြုန်းတီးမှုကို လျော့နည်းစေပါသည်။ ကျေးရွာရှိ ကလေးငယ်များ၏ပညာသင်ကြားမှုတွင် အထောက်အပံ့များစွာဖြစ်လာခဲ့ပါသည်။ လူနေမှုအဆင့်အတန်းမြင့်မားရေး ကိုလည်း အထောက်အကူဖြစ်စေပါသည်။

အလုပ်လုပ်ကိုင်နိုင်သူများမှာ ကျေးရွာလူဦးရေ၏ ၇၀.၄%ရှိသည့်အတွက် ကျေးရွာတွင် အလုပ်ကိုင်အခွင့် အလမ်းများရှိပါက ကျေးရွာ၏စီးပွားရေးကို ပိုမိုတိုးတက်စေနိုင်ပါသည်။ မြို့နှင့်နီးစပ်သောဒေသဖြစ်၍ ကျန်းမာရေး စောင့်ရှောက်မှုများတွင် လက်လှမ်းမီပါသည်။ရောဂါကုသမှုတွင် ပြွန်တန်ဆာမြို့ပေါ်နှင့် ညောင်လေးပင်မြို့နယ်ရှိ ဆေးရုံသို့တက်ရောက်ကုသမှုခံယူနိုင်ပါသည်။ ပညာရေးတွင်လည်း မြို့ပေါ်ရှိကျောင်းများသို့ သွားရောက်၍ အထက် တန်းပညာနှင့် အဆင့်မြင့်ပညာများကို သင်ကြားနိုင်ပါသည်။ စာသင်ဆောင်များမှာလည်း ကျောင်းသားအရေ အတွက်နှင့် ကိုက်ညီသောအနေအထားတွင်ရှိသည့်အတွက် ကျောင်းသားကျောင်းသူများ အခက်အခဲမရှိပညာ သင်ကြားနိုင်ကြပါသည်။

သဘာဝအရင်းအမြစ်တွင် လယ်ယာမြေများမှာ မြေပြန့်ဒေသဖြစ်၍ မြေဆီဩဇာမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ အများအားဖြင့်လယ်ယာစိုက်ပျိုးရေးဆောင်ရွက်နိုင်ရန် သင့်တင့်သော ရာသီဥတုဖြစ်ပါသည်။ မိုးစပါးစိုက်ပျိုးမှုအပြင် နွေစပါးနှင့်ပဲစိုက်ပျိုးမှုအတွက်ပါ အထောက်အပံ့ဖြစ်စေပါသည်။ မြို့အနီးတွင်ရှိသောဒေသ ဖြစ်၍ ကုန်စည်သယ်ယူပို့ဆောင်ရေးကိုလွယ်ကူစွာ ဆောင်ရွက်နိုင်ပါသည်။ မွေးမြူရေးလုပ်ငန်းတွင် ကျေးရွာရှိ တိရစ္ဆာန်မျိုးများကို ဝယ်ယူမွေးမြူနိုင်ပြီး၊ အခြားဒေသရှိ တိရစ္ဆာန်မျိုးကောင်းများကို ဝယ်ယူအသုံးပြုနိုင်ပါသည်။ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများကို ထောက်ပံ့ပေးနိုင်ပါ က မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် ပိုမိုတိုးတက် လာနိုင်ပါသည်။

ကျေးရွာတွင်ရာဇဝတ်မှုများဖြစ်ပွားမှုနည်းပါးသဖြင့် ရပ်ရွာတည်ငြိမ်အေးချမ်းသဖြင့် ကျေးရွာတွင် အချိန်နေရာမရွေး အဆင့်ပြေလွယ်ကူစွာ သွားလာနေထိုင်နိုင်ကြပါသည်။ မိုဘိုင်းဖုန်းသုံးဆက်သွယ်ရေးကြောင့် နေရပ်ဒေသကို စွန့်ခွာ၍ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရသူများနှင့် လွယ်ကူစွာဆက်သွယ်ဆောင်ရွက်နိုင် ကြပါသည်။ အင်တာနက်သုံးစွဲနိုင်မှုကြောင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာများကို မိုဘိုင်းဖုန်းများဖြင့် အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်ကြမည်ဖြစ်ပါသည်။ ထိုသို့အသုံးပြုနိုင်ရေးအတွက် နည်းပညာပံ့ပိုးမှုများလိုအပ်လျက်ရှိပါသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာမှမြေပြန့်ဒေသဖြစ်၍ သီးနှံများစိုက်ပျိုးနိုင်သော်လည်း အခြားသယံဇာတများထွက်ရှိမှုမရှိပါ။ မြေလွတ်မြေရိုင်းမရှိသဖြင့် လယ်ယာမြေထပ်မံမတိုးချဲ့နိုင်ပါ။ ထို့ပြင် သီးနှံအထွက်နှုန်းတိုးစေရန်အတွက် မြေဩဇာနှင့် ပိုးသတ်ဆေးများသုံးစွဲမှုကြောင့် စိုက်ပျိုးစရိတ်ကုန်ကျမှုများပြားလျက်ရှိပါသည်။ ပိုးမွှားအန္တရာယ်ကြို တင်ကာကွယ်ရေးအစီအစဉ်များကို စနစ်တကျဆောင်ရွက်နိုင်မှုမရှိသေးပါ။

ကျေးရွာတွင် ကုန်ထုတ်လုပ်ငန်းမရှိသဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုသာ အဓိက လုပ်ကိုင်နေရသဖြင့် လယ်ယာလုပ်ငန်းပြီးဆုံးချိန်တွင် အလုပ်အကိုင်ရှားပါးမှုများဖြစ်ပေါ်နေရပါသည်။ မိမိ ဒေသတွင် အလုပ်အကိုင်ရှားပါးနေသဖြင့် အခြားမြို့များနှင့် တိုင်းတစ်ပါးသို့ သွားရောက်နေထိုင်သူ များပြား လာပါသည်။ ကျေးရွာတွင်လုပ်သားအင်အားဆုံးရှုံးပြီး ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အခက်အခဲများ ဖြစ်ပေါ်နေပါသည်။ ချေးငွေလုပ်ငန်းများမှာ လယ်ယာမြေပိုင်ဆိုင် သူများအတွက် အဆင်ပြေစွာရရှိနိုင်သော်လည်း မြေယာမဲ့လက်လုပ်လက်စားများအတွက် အလွယ်တကူမရရှိသည့်အတွက် ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်နိုင်ရန် အရင်းအနှီးမရှိမှုများဖြစ်ပေါ်နေပါသည်။

အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်မှုအားနည်းသဖြင့် ပုံမှန်ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ရန် အခွင့်အရေးမရှိဖြစ်နေကြပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးမှုပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာသူကျေးရွာသားများတိုင်ပင်ညှိနှိုင်းပြီး ငါးနှစ်တာ ကာလအတွင်း ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

(၁) လမ်းပန်းဆက်သွယ်ရေးလွယ်ကူအဆင်ပြေအောင်ပြုလုပ်ခြင်းဖြင့် ကျေးရွာ၏ထွက်ကုန်ပစ္စည်းများ ကိုဈေးကွက်ကောင်းများသို့ အချိန်မီရောင်းချခြင်းဖြင့် စီးပွားရေးအခြေအနေများ တိုးတက် ကောင်းမွန်စေရမည်။

(၂) အသိပညာ၊ အတတ်ပညာများ ပိုမိုတိုးမြင့်အောင်ဆောင်ရွက်ခြင်းဖြင့် အနာဂတ်လူငယ်များ၏ စွမ်းဆောင်ရည်ကို တိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရမည်။

(၃) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအတွက် နည်းပညာကောင်းများရရှိ၍ အသုံးချနိုင်အောင်ဆောင်ရွက် ခြင်းဖြင့် ကျေးရွာ၏လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျေးရွာလူထုပူးပေါင်းဖော်ထုတ်ထားသော အထက်ဖော်ပြပါဖွံ့ဖြိုးမှုပန်းတိုင်များကို ရောက်ရှိစေရန် အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်မည်ဖြစ်ပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ
## ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ဝဂ်ဘော်ကျေးရွာအုပ်စု၊ ဝဂ်ဘော်ကျေးရွာ၏ ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|
| လမ်း | ၁။ ရွာတွင်းလမ်းမအား ဂဝံလမ်းအဖြစ်ဆောင် ရွက်ရန်၊ | ၅၀ | ၁ | -ရွာတွင်းမြေသားလမ်းအား ဂဝံလမ်းအဖြစ်အဆင့် မြှင့်တင်ဆောင်ရွက်ရန်၊ | |

| | | | | | |
|---|---|---|---|---|---|
| ကျန်းမာရေး | ၂။အားကစားကွင်းတည်ဆောက်ရန် | ၄၃ | ၂ | -လူငယ်များကျန်းမားရေးအတွက်အားကစားပြုလုပ်ရန် အားကစားကွင်းတည်ဆောက်ရန် | |
| အသက်မွေးသင်တန်း | ၃။ကျေးရွာတွင် အသေးစားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်နိုင်ရန် | ၃၇ | ၃ | -ကျေးရွာတွင်အသက်မွေးဝမ်းကျောင်အထောက်အကူပြုပညာပေးသင်တန်းများဖွင့်လှစ်နိုင်ရန် | |
| မြစိမ်းရောင်စီမံကိန်း | ၄။ကျေးရွာသူ/သားများမိသားစုဝင်ငွေတိုးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် | ၂၉ | ၄ | -ကျေးရွာသူ/သားများ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက်မြစိမ်းရောင်စီမံကိန်းရရှိရေးဆောင်ရွက်ရန် | |
| စက်ရေတွင်း | ၅။ ရေကောင်းရေသန့်ရရှိရန် | ၂၁ | ၅ | – ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍တွင်းနက်(၄၀၀’)ရရှိအောင်ဆောင်ရွက်ရန်၊ | |

**အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စဉ် | စီမံချက်(Project) | ဦးစားပေးအဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းအားဂဝံလမ်းခင်းခြင်းဆောင်ရွက်ရန်၊ | ၁ | Ï | | | | |
| ၂ | အားကစားကွင်းတည်ဆောက်ရန် | ၂ | | Ï | | | |
| ၃ | အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ရန် | ၃ | | | Ï | | |
| ၄ | မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရန် | ၄ | | | | Ï | |
| ၅ | စက်ရေတွင်းတူးဖော်ဆောက်ရွက် | ၅ | | | | | Ï |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ရန် | | | | | | |

**နောက်ဆက်တွဲ (၂)**

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂၀ | ၃၀ | |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၈၀ | ၄၀ | |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၀၀ | ၅၀ | |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၅၀ | ၂၇၀ | |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၀၈ | ၃၀၀ | |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၃၀ | ၁၀ | |
| **စုစုပေါင်း** | | **၇၈၈** | **၇၀၀** | **၁၄၈၈** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၃၃၀** | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်အလုပ်လုပ်နိုင်သည့်အရွယ်ရှိသည့်လူဦးရေအများဆုံးရှိကြောင်း တွေ့ရှိရပါသည်။..........................................................................

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၅၀ | ၁၀၀၀ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | ၂၅၀ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”** အရေအတွက်တွင် **“မိသားစုဝင်လုပ်အား”** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)”** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင် ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။။** ကျေးရွာတွင်နေထိုင်သော အိမ်ထောင်စုအများစုမှာ စိုက်ပျိုးရေးလုပ်ငန်း အများဆုံး လုပ်ကိုင်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျဘမ်းလုပ်ငန်းအခြားလုပ်ငန်းများလည်းလုပ်ကိုင်သူ အနည်းငယ်သာရှိ ပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။လယ်ယာလုပ်ငန်းတွင်လုပ်သားအဖြစ်လုပ်ကိုင်သူများ၏ လုပ်အားခများမှာ အမျိုးသား၊အမျိုးသမီးတန်းတူရရှိပါသည်။ ဆောက်လုပ်ငန်းတွင် အမျိုးသားများမှာ လက်သမား၊ပန်းရံလုပ်သားများအဖြစ်လုပ်ကိုင်ကြပြီး အမျိုးသမီးအနည်းငယ်သာ ပစ္စည်းသယ်သူများအဖြစ်လုပ်ကိုင်ကြပါသည်။ လုပ်အားခရရှိမှုများ အမျိုးသား၊အမျိုးသမီးတူညီမှုမရှိကြောင်းတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။**။ ကျေးရွာတွင်းရှိ လူအနည်းစုပိုင်ဆိုင်သော မြေအများစုမှာ စိုက်ပျိုးမြေများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြေဆီလွှာအရည်အသွေးအသင့်အတင့်ရှိသောကြောင့် စိုက်ပျိုးချိန်တွင် မြေဩဇာအသင့်အတင့်သုံးစွဲ နေရကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | မရှိ | အသုံးမပြုနိုင်ပါ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | မရှိ | အသုံးမပြုနိုင်ပါ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | မရှိ | အသုံးမပြုနိုင်ပါ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | မရှိ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်သော ဓာတ်သတ္တုနှင့် သဘာဝအရင်းအမြစ်များမရှိကြောင်းတွေ့ရှိရပါသည်။ ကျောက်၊သဲ၊ကျောက်စရစ်စသည်တို့ကို သုံးစွဲလိုပါက အခြားဒေသမှဝယ်ယူသုံးစွဲရကြောင်းတွေ့ရှိရပါသည်။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် | ညံ့ | အလွန်ညံ့ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| | | ကောင်း | | |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | | | | |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။**။ ကျေးရွာတွင်ရှိသော အိမ်ထောင်စုအများစုမှာ အသင့်အတင့် အဆင်ပြေကြပြီး အဆင်မပြေသောအိမ်ထောင်စု အနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။**။ ဥစ္စာဓနအဆင့်(၃)နှင့်(၄)ရှိသောအိမ်ထောင်စုများမှာ များသောအားဖြင့် ချေးယူ ခြင်း လုပ်အားခကြိုယူခြင်းတို့ဖြင့် ဖြေရှင်းကြကြောင်းသိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။။** ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စု အနည်းငယ်သာရှိပြီး သက်ကြီးရွယ်အိုများသည် မိသားစုစောင့်ရှောက်မှု ရှိကြောင်း တွေ့ရှိရပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | နိမ့် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် |
| ၃ | ရေကြီးခြင်း | နိမ့် |
| ၄ | မိုးခေါင်ခြင်း | မရှိ |
| ၅ | အအေးလွန်ကဲခြင်း | မရှိ |
| ၆ | မုန်တိုင်း | မရှိ |
| ၇ | ငလျင် | မရှိ |
| ၈ | မီးဘေး | မရှိ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိ |
| ၁၃ | တီဘီရောဂါ | နိမ့် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မရှိ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။နွေရာသီတွင်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် စိုက်ပျိုးရေးရှားပါးမှုဖြစ်ပေါ်နေပြီး၊ ကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် ထိခိုက်မှုဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | နိမ့် |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မရှိ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | နိမ့် |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | နိမ့် |
| ၉ | ငါးကန်ပိုင်ရှင်များ | နိမ့် |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | လတ် |
| ၁၁ | လူနည်းစုလူမျိုးများ | မရှိ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မရှိ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မရှိ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မရှိ |
| ၁၅ | ဆေးစွဲသူများ | မရှိ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မရှိ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မရှိ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မရှိ |
